မြန်မာ့ဂန္ထဝင်စာစဉ်

mgyoe.com

SAMPLE BOOK

# ဝိဇယပြဇာတ်

စလေ ဦးပုည



mgyoe.com

1500

mgyoe.com



"ဦးပုည၏ ပြဇာတ်များမှာ ခေတ်နှင့် ထိတွေ့မှု ရှိသည်။
နိုင်ငံရေးကို အခြေခံသည်။
ရည်ရွယ်ချက်ကောင်း တစ်ခုစီ ရှိကြသည်။
ယင်းကြောင့် ဦးပုည၏ ပြဇာတ်များ အောင်မြင်ကြသည်။
ပြောင်မြောက်ကြသည်။
စာပေနယ်တွင် ဦးပုညခေတ် ဟူ၍ မှတ်တမ်းတင်ကြသည်။"

– မောင်နုနု၏ "ဦးပုညနှင့် ပြဇာတ် ၄ ပုဒ်"၊
ဦးပုညစာပေနှင့် ဂျာဆောင်အတွေ့တွေ (၁၉၆၃)။ စာ-၂၀၉။



mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်ခြင်း
ပထမအကြိမ် – (၂၀၁၉) ရာပြည့်စာအုပ်တိုက်
(ဇွန် ၂၀၁၉)
အုပ်ရေ [၈၀၀]

❑

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၀၆၆၀]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ပုံနှိပ်သူ
ဦးလင်းစာနည်၊ သီရိဂုဏ်ဝေပုံနှိပ်တိုက် [၀၁၄၃၇]
၃၂၊ ၅၃ လမ်း၊ ၂ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

မျက်နှာဖုံးပန်းချီနှင့် ဒီဇိုင်း
ပန်းချီဦးအုန်းလွင် နှင့် လင်းစာနည်

❑

တန်ဖိုး
1500

**သတိပေးပါသည်**

ဤစာအုပ် ထုတ်လုပ်ဖွဲ့စည်းမှု ပုံစံသည် ရာပြည့်စာအုပ်တိုက်၏ မူပိုင် ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက် ရေးခြင်းမှ လွဲ၍ ယခု ပုံစံအတိုင်း စာတစ်အုပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင် ပြောင်းလဲ သုံးစွဲခွင့် မပြု။

mgyoe.com

mgyoe.com SAMPLE BOOK

# ဦးပုည (စလေ)*

## ၁၁၇၄–၁၂၂၉ ]

စလေမြို့ သူကြီးရိုး နှစ်မျိုးရှိရာတွင် 'မဟာသမန်းရိုး' ခေါ် 'မင်းမျိုး' မဟုတ်ဘဲ 'ပုညသမန်းရိုး' ခေါ် 'မြို့စား, ရွာစားမျိုး' ဖြစ်သည့် အဖ ဦးမြတ်စံ၊ အမိ ဒေါ်လှရင်တို့မှ ဦးပုညကို သက္ကရာဇ် ၁၁၇၄ ခုနှစ် ကဆုန်လဆန်း ၃ ရက် ကြာသပတေးနေ့ မွန်းတည့်အချိန်တွင် ဖွားမြင်သည်။**

အဖ ဦးမြတ်စံမှာ သာယာဝတီမင်းတရားကြီး၏ မင်္ဂလာအိမ်တော်

---

* မောင်သုတ ၏ "စာဆိုတော်များ အတ္ထုပ္ပတ္တိ"၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်၊ ၁ ကြိမ်ထုတ် ၂၀၀၂ မှ ထုတ်နုတ်ယူသည်။

** ဦးပုည၏ အမိ အဖတို့ အမည်နှင့် ပတ်သက်၍ 'ဦးမြတ်စံ၊ ဒေါ်လှရင်' ဟူ၍ လည်းကောင်း၊ 'ဦးဖိုးကြီး၊ မမင်းလှ' ဟူ၍ လည်းကောင်း၊ 'ဦးမြတ်ထွား၊ ဒေါ်ဆုံ' ဟူ၍ လည်းကောင်း၊ 'ဦးမြတ်ထွား၊ ဒေါ်မိန်းစလေး' ဟူ၍ လည်းကောင်း အမျိုးမျိုး အဖုံဖုံ မှတ်သားချက် ရှိသည့်အပြင်၊ ၊ ဖွားသက္ကရာဇ်နှင့် ပတ်သက်၍လည်း သက္ကရာဇ် '၁၁၆၉ ခုနှစ်' ဟူ၍ လည်းကောင်း၊ '၁၁၇၃ ခုနှစ်' ဟူ၍ လည်းကောင်း၊ '၁၁၇၄ ခုနှစ်' ဟူ၍ လည်းကောင်း၊ '၁၁၇၈ ခုနှစ်' ဟူ၍ လည်းကောင်း အကွဲကွဲ အပြားပြား မှတ်သားလျက် ရှိပေသည်။

** ပြက္ခဒိန်ကျမ်းနှင့် တိုက်ဆိုင် စစ်ဆေးသောအခါ ဦးပုည၏ မွေးနေ့ဟု ပြထားသော ၁၁၇၄ ခု ကဆုန်လဆန်း ၃ ရက်သည် ကြာသပတေးနေ့ မဟုတ်ဘဲ တနင်္ဂနွေနေ့ ဖြစ်နေသည်ကို တွေ့ရကြောင်း၊ ဦးပုည ဖွားမြင်သည့်နေ့ကို ၁၁၇၄ ခု တပေါင်းလဆန်း ၁၃ ရက် ဟုလည်း အမှတ်အသားရှိရာ ထိုနေ့သည် ကြာသပတေးနေ့ ဖြစ်သည်ကို တွေ့ရကြောင်း၊ ဦးပုညသည် ၁၁၉၄ ခု ဝါဆိုလတွင် ရဟန်းခံမည် ဟူသော အမှတ်အသားနှင့် ညီလျှင် ထိုနေ့ကို ဦးပုည၏ မွေးနေ့အမှန်ဟု လက်ခံနိုင်ဖွယ်ရှိ၍ လက်ခံလိုကြောင်း ဦးတိုးလှက သုံးသပ်ပြထားသည်။ တက္ကသိုလ် ပညာပဒေသာ စာစောင် (ဝိဇ္ဇာ၊ ၁၁/၂)၊ ဦးတိုးလှ၏ 'ရက်ချုပ်စစ်တမ်း' ကို ရှု။ (တည်းဖြတ်သူ)



mgyoe.com

mgyoe.com

SAMPLE BOOK

တွင် အကြီးတော်အဖြစ် ရေးသား ထမ်းရွက်ရသူဖြစ်၍၊ အမိ ဒေါ်လှရင်မှာ စလေ ပုခန်းငယ် မြို့သူကြီး သမီး ဖြစ်ပေသည်။

ဦးပုညကို ဖွားမြင်သောနေ့၌ ဒုတိယ ကြက်သွန်ခင်း ဆရာတော်နှင့် မုံရွေးဆရာတော်တို့သည် ရွှေစက်တော်မှ အပြန်နှင့် ကြုံကြိုက်လေသောကြောင့် အိမ်သို့ ကြွဝင်လာပြီးလျှင်၊ ဆရာတော်တို့က ဦးပုညလောင်း၏ လက္ခဏာသွင်ပြင်ကို ကြည့်ပြီးလျှင် "မောင်မြတ်စံ၏ သားသည် ပညာရှိဖြစ်လိမ့်မည်။ လောကီရေးတွင် ကျော်စောထင်ရှားလိမ့်မည်။ သို့ရာတွင် ဗေဒင်အလိုအရ နိစ်-ပြတို့သည် နံကြိုပ်ပေါ်၌ စီး၍ နေသောကြောင့် ဥပဇ္ဈေဒကကံ မကင်းတတ်။ လောကီကျိုး၊ လောကုတ္တရာကျိုး ဖြစ်အောင် ရဟန်းပြုရာ၏" ဟု ဟောပြောကြပြီးနောက် ကြွသွားတော်မူကြသည်။

၂ နှစ်သား အရွယ်သို့ ရောက်သောအခါ အမိ အဖတို့သည် စလေမြို့မှ အမရပူရမြို့ သာယာဝတီမင်းတရားကြီး၏ အိမ်တော်သို့ အခစားလာရောက်ကြသည်တွင်၊ ပါလာသော သားငယ်သည် စည်တော်ရုံသို့ ဝင်ကြည့်ခိုက် စည်ကြီးများကို ပုတ်ခတ် ကစားဘိ၏။ ထိုကို ရည်၍ သာယာဝတီမင်းက 'မောင်ပုတ်စည် တွင်စေ' ဟု အမည်ပေးတော်မူလိုက်သည်။

၆ နှစ်အရွယ်တွင် အမိ အဖတို့က မောင်ပုတ်စည်အား တူမောင်းဆရာတော် ဦးဒီပထံတွင် အပ်နှံ၍ စာပေ သင်ကြားစေလေသည်။ ပညာဉာဏ် ထူးချွန်ထက်မြက်လှသည့် အလျောက်လည်း ၇ နှစ်သား၊ ၈ နှစ်သား အရွယ်၌ပင် သဒ္ဒါကျမ်းများ၊ အဘိဓမ္မာကျမ်းများကို သင်ကြားခွင့် ရပေသည်။ ။ ၈ နှစ်သား အရွယ်တွင် တူမောင်းဆရာတော် ပျံလွန်တော်မူသောအခါ အမရပူရမြို့ ဗန်းမော် ဆရာတော့်အထံတွင် ဆက်လက်၍ ပညာသင်ကြားရပြန်သည်။ ထိုစဉ်အတွင်း ဗန်းမော်ဆရာတော့် အထံတော်၌ပင် ရှင်သာမဏေပြု၍ 'ရှင်ပုည' ဘွဲ့ကို ခံယူရရှိသည်။ သာမဏေ အဖြစ်ဖြင့်လည်း သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို လေ့လာ ပေါက်မြောက်ခဲ့ပေ၏။


mgyoe.com

mgyoe.com


သက္ကရာဇ် ၁၁၉၄ ခုနှစ်တွင် ရှင်ပုညသည် စလေ၊ ပုခန်းငယ် နှစ်မြို့အုပ်က ရဟန်းဒါယကာခံ၍ ရဟန်းပြုပြီးသော် ဇန်းမော်တိုက်၌ပင် ပိဋကတ်, ဗေဒင်, ကဗျာ လင်္ကာများကို ဆက်လက် သင်ကြားသည်။ ဦးပုည အသက် ၂၄ နှစ်အရွယ်၊ သက္ကရာဇ် ၁၁၉၈ ခုနှစ်တွင် အဖ ဦးမြတ်စံနှင့် အမိ ဒေါ်လှရင်တို့ နှစ်ဦးစလုံးပင် အနိစ္စ ရောက်ကြသည်။

သက္ကရာဇ် ၁၂၀၃ ခုနှစ်တွင် သာယာဝတီမင်းသည် ရန်ကုန်မြို့သို့ စုန်ဆင်း စံတော်မူမည် ပြုသောအခါ စလေဦးပုညလည်း လိုက်ပါမည်ဟု ကြံစည်ဆဲ၊ ကျောင်း၌ ဒါယိကာမများ အလာအရောက် အလှူအတန်း များခြင်းနှင့် ပတ်သက်၍ ပဉ္စင်းဒါယကာ မြို့အုပ်မင်းနှင့် မသင့်မတင့် ဖြစ်ရကာ လူထွက်လိုက်ပြီး ရန်ကုန်မြို့သို့ လိုက်ပါသွားခဲ့သည်။ ရန်ကုန်မြို့သို့ ရောက်လျှင် တောရအရပ်၌ ခေတ္တခဏမျှ နေထိုင်၍ သာမဏေ ပြုပြန်သည်။ နောက်အမရပူရမြို့ ဇန်းမော်တိုက်သို့ ပြန်လာပြီးသော် တရားစာ၊ မေတ္တာစာ၊ ဗေဒင်ဟောကိန်း လင်္ကာ စသည်တို့ကို ဇန်းမော်တိုက်၌ လည်းကောင်း၊ ဇာတိရပ်ရွာဖြစ်သော စလေမြို့၌ လည်းကောင်း စတင် ရေးသားလေတော့သည်။

သက္ကရာဇ် ၁၂၀၆ ခုနှစ်ခန့်တွင် ဦးပုည လူထွက်ပြန်သည်။ ထိုအခါ သက္ကရာဇ် ၁၂၀၈ ခုနှစ်တွင် နန်းတက်တော်မူသည့် ပုဂံမင်း၏ ညီတော်များဖြစ်ကြသော မင်းတုန်းမင်းနှင့် ကနောင်မင်းတို့ အိမ်တော်၌ ခစား ထမ်းရွက်ခွင့် ရခဲ့သည်။

နောက် သက္ကရာဇ် ၁၂၁၄ ခုနှစ်အတွင်း မင်းတုန်းမင်းနှင့် ကနောင်မင်းတို့သည် ရွှေဘိုမြို့မှနေ၍ နောင်တော် ပုဂံမင်းအား လုပ်ကြံ အောင်နိုင်သည်နှင့် မင်းတုန်းမင်း နန်းတက်တော်မူလေသည်။ ဤအတောအတွင်း ဦးပုညသည် ဇန်းမော်တိုက်၌ သာမဏေပြုပြန်၍ ပုန်းအောင်းနေရသည်။ ထို သာမဏေဘဝ၌ ရှိစဉ် ဗေဒင်ဟောကိန်း လင်္ကာများ၊ ဆေးကျမ်း လင်္ကာ များကို ရေးသားသည်။


mgyoe.com

mgyoe.com
SAMPLE BOOK


နောက် ဦးပုညသည် လူထွက်ပြန်၍ ကနောင်မင်းထံ ဆက်လက်စားပြန်လေသည်။ ထိုအခါ ကနောင်မင်း၏ တောင်းပန်ချက်အရ သင်္ဂြိုဟ်ကိုးပိုင်းသရုပ်–တေးထပ်များ ရေးသား ဆက်သွင်းရပေ၏။

သက္ကရာဇ် ၁၂၁၄–၁၅ ခုနှစ်တွင် ယိုးဒယား ဇင်းမယ်ကို နိုင်သည့်အကြောင်း စာဖွဲ့ရမည် ဟူသော မင်းတရားကြီး၏ အမိန့်တော်အရ 'ယိုးဒယားနိုင် မော်ကွန်း' ကို ရေးသားရလေသည်။

အိမ်ရှေ့မင်းထံ ခစားနေစဉ်အတွင်း မင်းတရားကြီး၏ နန်းတွင်းမိဖုရားကြီး အချို့တို့ အကျင့်ဖောက်ပြား လော်လည်ကြသဖြင့် တားမြစ်ရန်အနေနှင့် ဦးပုညအား 'ပဒုမပြဇာတ်' ကို ရေးသားစေလေသည်။ ထို ပဒုမပြဇာတ်ကို ညတွင်းချင်း အပြီး ရေးဆက်သော ဟူ၏။ ။ ပဒုမဇာတ်ကားအကျင့်ဖောက်ပြား လော်လည်သူ မိန်းမယုတ်တို့ အကြောင်း ဖြစ်သဖြင့်အပိုးတန် မိန်းမကောင်းများ အကြောင်းလည်း ဇာတ်တစ်စောင်ဖြင့် အမွှမ်းတင်ပေးပါရန် မိဖုရားအချို့က တောင်းပန်သောကြောင့် မဒ္ဒီမိဖုရား တည်းဟူသော မိန်းမမြတ် ပါဝင်သည့် 'ဝေဿန္တရာပြဇာတ်' ကို ရေးရပြန်လေသည်။

ထိုမှတစ်ပါးလည်း မြင်ကွန်းစားမင်းသား အဝင်အပါ မင်းတရား၏ သားတော်အချို့တို့ လွန်စွာ ဆိုးသွမ်းရင်း ရှိကြသည့်အတွက် ဆုံးမရန်အနေနှင့် 'ဝိဇယပြဇာတ်' ကို ရေးရပြန်သေး၏။ ထိုဇာတ်ကို ပါးစပ်ကစီဆိုပေး၍ မောင်သာထွန်း ဆိုသူက ရေးပေးရရာ ၂ ရက်နှင့် နားနားနေနေပင် ပြီးသော ဟူ၏။

'ဂင်္ဂါမာလ' ခေါ် 'ရေသည်ပြဇာတ်' နှင့် ပတ်သက်၍မူ မင်းတုန်းမင်းတရားကြီးနှင့် ညီတော် အိမ်ရှေ့ ကနောင်မင်းသားတို့ စိတ်မကြည်ရှိကြရာမှ ပြန်လည်သင့်မြတ်လာကြသောအခါ အိမ်ရှေ့မင်းက တောင်းပန်ဝန်ချခန်းပါသော ထို 'ရေသည်ပြဇာတ်' ကို ဦးပုညအား ရေးသား ဆက်


mgyoe.com

mgyoe.com
SAMPLE BOOK


သွင်းစေလေသည်။ ထိုပြဇာတ်ကို မင်းတရားကြီး ဖတ်ရှုရလေသောအခါ ညီတော်အား ပိုမိုချစ်ကြည်ခြင်း ရှိလာရသည့်အပြင် ဇာတ်အိမ် ဇာတ်သား ကို အထူးနှစ်သက်တော်မူသဖြင့်လည်း ရှေ့တော်၌ အခါခါ အထပ်ထပ် ဖတ်လျှောက် က ပြကြရသော ဟူ၏။

မင်းတုန်းမင်းတရားကြီးသည် ရတနာပုံ မန္တလေးမြို့နန်းကို ၄ နှစ်ခန့်နှင့် ပြီးစီးတော်မူသည့်နောက် စလေဆရာကြီး ဦးပုညအား စာဆိုတော် အရာ 'မင်းလှသခ်ယာ' ဟူသော ဘွဲ့ဖြင့် ရွာစည်ရွာကို ပေးသနားတော်မူလေ သည်။ လစာတော်ငွေ တစ်နှစ်လျှင် ၆၀၀ိ နှင့် ဝင်းမြေ နေအိမ် ဆောက် လုပ် သနားတော်မူခြင်းလည်း ခံရသည်။ သူကြီးရိုးရာ ရာထူး ရရန်ကိုမူကား ကိုယ်လက်အင်္ဂါ ချွတ်ယွင်းနေသဖြင့် မည်သူကမျှ လျှောက်ထား၍ မပေး ဝံ့ကြ။

သက္ကရာဇ် ၁၂၂၄ ခုနှစ်တွင် ရတနာနန္ဒီ မြစ်တော်ကို တူးဖော် ဖောက် လုပ်၍ ကျုံးတွင်းသို့ ရေသွင်းရလေသည်။ ဦးပုညသည် ထို 'ရတနာနန္ဒီ မြစ်တော် မော်ကွန်း' ကိုလည်း ရေးသား ဆက်သွင်းပေသေး၏။

သက္ကရာဇ် ၁၂၂၈ ခုနှစ်အတွင်း မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင် မင်းသားတို့ ပုန်ကန် ထကြွကြကုန်သည်။ ထိုအခါ ဦးပုညအား အခါပေး သည် ဆို၍ မြို့သာမြို့စား မြောက်မြို့ဝန် ဦးသာအိုးထံတွင် အကျယ်ချုပ် ဖြင့် ချထားသည်။ ထိုအတွင်းမှာပင် ဦးသာအိုး၏ မယားငယ် အချို့နှင့် ရင်းနှီးရည်ငံမှု ပေါ်ပေါက်လာပြန်၍ ၁၂၂၉ ခုနှစ် နှစ်ဦးပိုင်းတွင် မြို့ဝန် ဦးသာအိုးက အဆုံးစီရင်လိုက်တော့သည်။

နောက် မင်းတရားကြီးက အမေးအမြန်း ရှိတော်မူသောအခါကျမှ သူပုန်ကြံစည်မှုနှင့်၊ မြို့ဝန်မင်းက စီရင်ပြီး ဖြစ်ကြောင်းနှင့် လျှောက်တင် ကြသောအခါ "ဟင် ... လူကို ခွေးသတ်လေရဲ့" ဟု မိန့်တော်မူပြီးလျှင် လွန်စွာ နှမြော တ သ တော်မူသတည်း။


mgyoe.com

mgyoe.com



SAMPLE BOOK

ဦးပုည ရေးသားသော စာများကား၊ ၊ မင်းကြီး ဦးပွား ရေစက်သွန်းဆုတောင်း မော်ကွန်းစာ၊ ရတနာနဒီမော်ကွန်း၊ ယိုးဒယားနိုင် မော်ကွန်းခေါ် ဇင်းမယ်နိုင် မော်ကွန်း၊ သဒ္ဒါ ပုဒ်စစ် ၁၇ ပုဒ်၊ ပင့်,ရစ်–သတ်ပုံ ၁၃ ပုဒ်၊ ဗေဒင်ဟောကိန်း ရကန်နှင့် သင်္ကြိုဟ်ကိုးပိုင်း တေးထပ်များ၊ သက္ကတဘာသာ ဖတ်နည်း လင်္ကာ၊ တေးထပ်အမျိုးမျိုး၊ ရှစ်ဆယ်ပေါ် အမျိုးမျိုး၊ ဆေးနည်းလင်္ကာ ကဗျာများ၊ ဝိဇယပြဇာတ်၊ ပဒုမ ပြဇာတ်၊ ဝေဿန္တရာ ပြဇာတ်၊ ကောသလပြဇာတ်၊ ဂင်္ဂါမာလ ခေါ် ရေသည်ပြဇာတ်၊ ဝါသုဒေဝ ပြဇာတ်၊ တရားဟောစာ ပုဒ်ရေ ၃၀ ကျော်၊ မေတ္တာစာ ပုဒ်ရေ ၆၀ ကျော်၊ ဗြို့ဟတ်ကျမ်းလာ ဇာတာယုဂ်ပေါင်း ၁၅၀ ကို တေးတပ်ပေါင်း ၁၅၀ ဖြင့် တန်ဆာဆင်အပ်သော ဟောကိန်း တေးထပ်များ၊ သက္ကဋ္ဌဆေးကျမ်း လင်္ကာ ၂၆ ပုဒ်၊ သာသနာရောက် မင်းပြိုင်စာတမ်းနှင့် သာသနာလျှောက်စာတမ်း၊ ဆွမ်းတော်ကြီးစာတမ်း၊ ရှင်ပြုနားထွင်း ဖိတ်စာများ၊ သာသနာပိုင် ဦးဥယျ ပျံလွန်တော်မူရာ ဝိုချင်းရှည်များ၊ သဒ္ဒါဂန္ထန္တရ–နိသျနံ့ပြောက်များ၊ ဒုံးချင်းများ၊ သဘင်တေးဖွဲ့ အမျိုးမျိုး၊ ယိုးဒယား အမျိုးမျိုးတို့ ဖြစ်လေသည်။ ။

[ကျမ်းကိုး။ ။ (၁) ဇြတိုက်စာရေးတော် နော်ရထာသိရိ၏ 'စလေဦးပုည အတ္ထုပ္ပတ္တိနှင့် စလေဦးပုည ကဗျာအမျိုးမျိုး'။ (၂) စာဆိုတော်ကြီး ဦးပုည နန်းတွင်းမူကျယ် အတ္ထုပ္ပတ္တိ။ (၃) ဦးမောင်မောင်တင်၏ ဦးပုညသမိုင်း။ (၄) ဦးဖိုးကျား၏ 'စလေဦးပုည' အတ္ထုပ္ပတ္တိနှင့် ရေသည်ပြဇာတ်။ (၅) မြန်မာစာပေသမိုင်း၊ မျက်နှာ ၃၄၉၊ ၃၅၀။ ။]

မောင်သုတ

mgyoe.com

mgyoe.com SAMPLE BOOK

# ဝိဇယပြဇာတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

## အခန်း [၁]
## ဝိဇယမင်းသားကို တိုင်းပြည်မှ နှင်ခန်း

ဓေယျာတု။ ။(ဇမ္ဗူဒိပ်၌ လာလရဋ္ဌတိုင်း သီဟပူရပြည် သီဟဗာဟု မင်း နန်းစံ)။ ။ငင်း မင်းကြီးတွင် သားတော်အကြီး ဝိဇယ၊ ညီတော်အငယ် သုမိတ္တ နှစ်ပါးရှိသည်။ သားတော်အကြီး ဝိဇယ မင်းသားသည် လူဆိုး လူသွမ်း ၇၀၀ တို့နှင့် ပေါင်းသင်းစည်းကြပ်ပြီးလျှင် တိုင်းပြည်အတွင်း လုယက်ဖျက်ဆီး ပြုကြသောကြောင့် တိုင်းသူပြည်သားတို့ မခံနိုင်၍ ရွှေနားတော်ကြား ဟစ်အော် သံတော်ဦးတင်သံကို မင်းကြီး ကြားသဖြင့် ဝန်တို့အား မေးရမည်မှာ–

၁။ တောင်မြင်းသီလာ၊ လိုဏ်ဂူဟာနှင့်၊ ကေသရာမှူး၊ သက်ဆုံး မရွံ့၊ လက်ရုံးကွန့်၍၊ ရန်ညွန့်ခူး၊ လေးဦးစံလွန်၊ မတ်ကြီးဝန်တို့။ လာလရဋ္ဌ၊ သီဟပူရ်၊ ပြည်နိမ္မာနှုန်း၊ ဣန္ဒာရုံးမျှ၊ ငါ့ဘုန်းကံကြောင့်၊ နန်းစံရှည်ကြာ လှလေပြီ။ တရံတဆစ်၊ ဘယ်ခါခေတ်မှ၊ မဖြစ်ဘူးငြား၊ ပွဲတင်ရိုက်ဆော်၊ သောင်းသောင်းကြော်မျှ၊ ဟစ်အော်သံ များလှ၊ ကြောင်းလျှား ဘယ်သို့ ရှိသလဲ ဝန့်ရှင်တော်တို့။



mgyoe.com

၂။ **ဝန်တင်။** ။ တင်ပါသည် ဘုရား။ ။ မဟာဝိဇယ၊ ဘွဲ့တော်သ၊ တေဇစက်မီး၊ သားတော်ကြီးသည်၊ ကျွန်သီး ၇၀၀၊ သင်းဗိုလ်ပါနှင့်၊ ညီညာ ရုံးစု၊ ပြည်ကြီးအတွင်း၊ လူခပင်းကို၊ အတင်းပြု၊ ခိုးလု တိုက်ဖျက်ကြပါ သည်။ သားတော် ဩရသ၊ ဝိဇယ၊ ဓားပြအတူ၊ အဓမ္မ မူသောကြောင့်၊ ပြည်သူဗျာလှိုင်၊ မခံနိုင်၊ သံပြိုင်ဟစ်အော်၍၊ သံတော်ဦး တင်ကြပါသည် ဘုရား။ ။

၃။ **မင်းကြီး ဆို။** ။ မဟာဝန်တို့၊ သည့်တိုင်းစကာန်၊ တကယ် မှန်လျှင်၊ နိုင်ငံကျွမ်းဆောက်၊ ပြည်ကြာလျှင် မှောက်ကရော့မည်။ ချင့် ထောက် စစ်ဆေး၊ မှန် မမှန် မေးရအောင်၊ ရင်သွေးသက်နှင်း၊ ဝိဇယဟု၊ သီဟမျိုးစေ့၊ တန်ခိုးကြွေ့တဲ့၊ အိမ်ရှေ့မင်းကို၊ ချက်ချင်းခေါ်၊ ရှေ့တော်သို့ ဝင်စေ မှူးမတ်များ။

(ဝန်တို့က ဝိဇယမင်းသားကို ခေါ်)

၄။ **မင်းကြီးက သားတော်ကို မေး။** ။ ဇမ္ဗူဒိပ်ထက်၊ ဖြူရိပ်ဖြန့်ကြက်၊ ဓာတ်သိုက်အလာ၊ ဘရိုက်ရာကို၊ စိုက်ကာဆက်မယ့်၊ ထွန်းတက် ဘုန်းရောင်၊ မျက်စိန် ပြကတော့၊ စက်ရှိန်ဖွေ့တဲ့၊ အိမ်ရှေ့မောင်၊ ။ ပြည်ထောင်တိုင်းကား၊ မှူးမတ်များက၊ ငါ့သားမောင်ပု၊ ပြည်မငြိမ်သက်၊ နိုင်ငံပျက်အောင်၊ တိုက် ဖျက် လု၍၊ ပြည်သူ့အပေါင်း၊ သေပျောက်မွန်းနစ်၊ နှလုံးညစ်၍၊ အော်ဟစ် ကြောင်းနှင့်၊ မကောင်းတင်ချက် ရှိချေသည်။ အကြံမကွေ့၊ ဉာဏ်မဝေ့နှင့်၊ မှန်သရွေ့ သံတော်ဦးတင်။

၅။ **မင်းသား တင်။** ။ ကမလာပွင့်၊ ကြာပလ္လင့်ထက်၊ မဟာဝင့် နောင်၊ ဗြဟ္မာ့တန္ခန်း၊ ဘ၀ ကျုံးပေမယ့်၊ ဘဘုန်းခေါင်ဘုရား။ ။ သုဝဏ္ဏ သျှံ၊ လောင်းဘုန်းလျှံကို၊ မြားမှန်သောအခါ၊ လေးဦးပုဂ္ဂိုလ်၊ သစ္စာဆို၍၊ ထိုရောဂါ၊ ကင်းကွာ မြားဆိပ်လျှောပါသည်။ သုပ္ပါဒက၊ ဗုဒ္ဓလောင်းမှန်၊ ကပ္ပိတန်သည်၊ မြစ်ယံပြင်ကျယ်၊ ရေပင်လယ်မှာ၊ အန္တရာယ်စွန်းငြိ၊ လေ


mgyoe.com

ဖျက် ဖြုန်း၍၊ ဆုံးတော့မည်ရှိရာတွင်၊ ပါရမီသခင်၊ သစ္စာတွတ်တွတ်၊ မန္တန် ရွတ်၍၊ ဘေးလွတ်စင်၊ ကျမ်းတွင်ဆတ်ဆတ် ဟောပါသည်။ ရှေးသာဓက၊ ထုံးကိုဆ၍၊ ဘုရားသားတော်၊ ကွေ့မလိမ်ညာဏ်၊ မထိမ်ကျန်ဘဲ၊ မှန်ကန်ရာ ကို၊ သေချာစွာ ဖော်ပြီးလျှင်၊ သံတော်ဦး တင်ပါတော့မည် ဘုရား။

၆။ မင်းကြီး ဆို။ ။ မာဝက်န္တိ၊ မပလီနှင့်၊ မှန်သည်ကို သံတော်ဦး တင် ဗျား။

၇။ မင်းသား တင်။ ။ တင်ပါသည် ဘုရား၊ သားတော် ဝိဇယ၊ ရွှေဘုန်းလှုံလေ့၊ ဂုဏ်မသေ့တဲ့၊ အိမ်ရှေ့ရကို၊ ပြည်မတိုင်းသား၊ မှူးမတ် များတို့၊ ကြားတိုင်း မြင်တိုင်း၊ ဆိုးယုတ်တိုင်းကို၊ ဟုတ်တိုင်းမတင်၊ သားတော် သော့သွမ်း၊ ဟော့ရမ်းသည့်အမှု၊ တထောင်လောက် ပြုလို့မှ၊ တခုသာ တင်ပါသည်၊ ခုတင်သည့်လူ၊ ပြည်သူပြည်သား၊ မှူးမတ်များတို့၊ တရား မမှန်၊ စကားကို ချန်သောကြောင့်၊ ရာဇဒဏ် ခတ်သင့်လှပါတော့သည် ဘုရား။

၈။ မင်းကြီး ဆို။ ။ သစ္စံ ဓမ္မ၊ ဝီရိယနှင့်၊ စာဂဓိတိ၊ အညီရှိ၊ ပြည် ကြီး တံခွန်၊ မဟာဝန်တို့၊ ။ သုံးထောင်ဖွေချာ၊ ဟေမဝါမှာ၊ ကေသရာ ရန် နင်း၊ ခြင်္သေ့မင်း၏၊ သားရင်းအစစ် ငါဖြစ်သည်။ ငါက ဖွားမြောက်၊ သား နှစ်ယောက်ကယ်မို့၊ မခေါက်မရက်၊ နှစ်သက်ကြည်နူး၊ ငေါက်မည် ဝေးခဲ့၊ ဟဲ့ နင်တဲ့လို့မှ၊ ခေါ်ခဲ့ဘူး၊ သားရူးသားမိုက်၊ ဒုစရိုက်ကို၊ လိုလိုက်မိ၍၊ ကေရာဇ်ဘုန်းထက်၊ မင်းဖြစ်လျက်နှင့်၊ ငါအရှက်တွေ့ရပြီ၊ ရေမြေ့သနင်း၊ မင်းတို့ဓမ္မတာ၊ ပြည်သူနှင့်သား၊ အချစ်အားဖြင့် မခြားရာ၊ မေတ္တာညီမျှ ကောင်းပေသည်။ စရိုက်မသို၊ အမိုက်ပိုကို၊ အလိုမလိုက် ကောင်းသင့်ပေ။ ကြောင်တသက်ပုံ၊ ကြွက်တမြုံသို့၊ ကြုံလာချေမင်း၊ သင်း သေမှ မြန်စွာ၊ ပြည်ထဲရေး သာတော့မည်။ ၇၀၀ စားပြနှင့် ဝိဇယ လူငယ်တို့ကို၊ အမိုက် နွယ် မကျန် ကြွင်းရအောင်၊ ခုချက်ချင်း သတ်ကြရမည် မှူးမတ်များ။



mgyoe.com

mgyoe.com SAMPLE BOOK


၉။ **မိဖုရား တင်။** ။ မြပိတုန်းကော၊ ဂမုန်းခွေမှာ၊ သုံးရွှေကြော့ရှင်၊ နဝရတ်ကုံး၊ အမြတ်ဆုံးမို့၊ ချပ်ရုံးဆင်၊ ထိပ်တင်နေမင့်ဆွေဘုရား၊ ။ သားတော်မင်းလှ၊ ဝိဇယ၊ ကျွန်မသည်းချာ၊ ရွှေဒါရူခက်၊ ဝေပူမျက်သို့၊ သက် ပမာ၊ တခါတရံ၊ မိတ်ဆွေမကောင်း၊ ကျွန်သောင်းပြောင်းနှင့်၊ ပေါင်း ဆက်ဆံ၊ အကြံယွင်းမှားပါလိမ့်မည်။ တရံတဆစ်၊ ဉာဏ်တိမ်းပါးလို့၊ မှားတဲ့ပြစ်ကို၊ ဇကရာဇ်ဘုန်းလျှံ၊ ဇမ္ဗူရောင်မှဲ့၊ မှောင်မသွဲ့တဲ့၊ မယ့်ထိပ်ပန် က၊ သည်းခံတော်မူပါဦး ရွှေနန်းရှင် ဘုရား။

၁၀။ **မင်းကြီး ဆို။** ။ ဘမရာထိပ်၊ ညာတံဆိပ်မှာ၊ ကြာရိပ်ကြီး လယ်၊ မဆုံးသရွေ့၊ မုန်းမမေ့တဲ့၊ ဘုန်းဟော့မယ်၊ ။ ရင်သွေးဟူက၊ ချစ်မဝ သည်၊ လောကအားလုံး၊ သားကို မုန်းတယ်လို့၊ ထုံးစံဘယ်မှာ ရှိသလဲ။ သို့ဖြစ်သော်လဲ၊ တိုင်းတော် ပြည်ထောင်၊ အုပ်စိုးဆောင်၊ အခေါင်သနင်း၊ ငါတို့မင်းမှာ၊ ဖြစ်ရင်းမူလ၊ မုဒ္ဒါဘိသေကာံ၊ ပလ္လင်ပျံ့ဝယ်၊ ခံစဉ်ကပင်၊ သိကြား့နဖူး၊ မျက်နှာဦးမှာ၊ ဖြူးဖြူးဖြိုင်ဖြိုင်၊ မိုးဆယ်ရေစ်၊ သွေမလုန်ဟု၊ ရွှေမှန်တိုင်ကို၊ စံခိုင်ထုံးစု၊ အနှုန်းပြု၍၊ ဗိုလ်ထုအများ၊ တိုင်းပြည်သားကို၊ ကိုယ်ဖွားတော်စစ်၊ ကြင်မြတ်လေး၊ ရင်သွေးနှစ်ကဲ့သို့၊ ချစ်မေတ္တာရည်၊ ငါမျှမည်ဟု၊ နှုတ်ခြည်သံညွှန်၊ စံမလွန်၊ ခံဝန်ခဲ့ချက် ရှိလေသည်။ ပြည်သူ အဟို၊ များလူဗိုလ်တို့ကို၊ ကိုယ်နှင့်တူစွာ၊ ချစ်ကောင်းရာ၊ သမာနတ္တာ၊ ထုံး စာတမ်းနှင့်၊ ကျမ်းဂန်ပြ၊ သင်္ဂဟတရား ရှိပေသည်။ ပြည်သူများစွာ၊ မသဒ္ဒါ က၊ ငါမချစ်ပြီ၊ သွယ်ကေရှင်ကြော့၊ ငွေစင်ဖော့ကဲ့သို့၊ တော့်ဒေဝီမှာ၊ ဗွေ သိဟာသိန်၊ ဖန်နာရကတ်၊ မှန်ကြာယပ်နှင့်၊ ညာနတ်အိမ်မှာ၊ ငြိမ်ငြိမ်သာ စံစား၍၊ ပျော်ပါးအောင် နေတော်မူပါ့ ရှင်မိဖုရား။

၁၁။ **မိဖုရား ဆို။** ။ မယ်မယ့်သက်မျှ၊ ချစ်မဝ၊ ဝိဇယဘုန်းခေါင်၊ နာရဏီစစ်၊ ရွှေဒါလိရစ်ပါတဲ့၊ သားချစ်မောင်၊ ။ တောင့်တရှိစဉ်၊ မောင့် မိခင်မှာ၊ ပူပင် ညှိုးငယ်၊ သရေသိန့်ညစ်၊ ရေတိမ်နစ်ကယ်မို့၊ ဖြစ်ရတယ်။


mgyoe.com

ကြယ်ညီလာဝိုက်၊ အာကာတိုက်မှာ၊ ကြာသိုက်နန်းဘုံ၊ ငွေစန်းယုန်ကို၊ လှမ်းခုန်ဆွတ်ချွေ၊ ဂြိုဟ်ရာဟုကြမ်း၊ တက်၍ဖမ်းသည့်နှယ်၊ သမ်းမှောင်ဝေ၊ မအေနှလုံး နောက်လှတယ်။ မတွယ်မထောက်၊ ရွှေဇမ္ဗူသွေး၊ လူကလေးမှာ၊ ပူရေး ရောက်လျှင်၊ တင်လျှောက် မ စ၊ ဘယ်ဆွေမျိုးကိုမျှ၊ မကိုးရနှင့်၊ ဝဂ်မည်သာ၊ ပြည်အောင်ချာလဲ၊ ကန္တာရမြေ၊ ဝေးလှလေလို့၊ မဟေညာပျော်၊ မောင့်ဘွားတော်လဲ၊ ကြည့်ဖော်မရ၊ ဘိုးတော်မြတ်စွာ၊ ကေသရာလဲ၊ နတ်ရွာကြွမို့၊ မှိုင်းမမည့်သူ၊ တယောက်ကောင်းငယ်မျှ၊ ခေါင်းမပြူ၊ ဇမ္ဗူစံနှိုင်း၊ မှန်ကသိုဏ်းမှာ၊ ကံရိုင်းတွေ့တော့ တွေ့လေတယ်၊ ဘယ့်နှယ်ဖန်လို့၊ မကြံတတ်အား၊ မယ်ဘုရားမှာဖြင့်ကွယ့်၊ ငါ့သားကြောင့်လေ၊ ငွေပုလဲစို့၊ သဲမို့မို့မှာ၊ လဲလို့များ သေလိုက်ချင်ပေါ့ သားတော်မောင်ငယ်။

၁၂။ သားတော် တင်။ ။ မြေပထဗျာ၊ ဗွေအာကာနှင့်၊ သေလာဂီရိ၊ တောင်များအမှူး၊ မကကျူး၊ ကျေးဇူးတော်ရှိပေတဲ့၊ မွေးမိ ဘုန်းဘုန်းဆွေဘုရား၊ ၊ ပတ်ကုံးဝိသယ၊ သုံးဘဝမှာ၊ ဆုံးဆမမြော်၊ မြင်မြင်သမျှ၊ တည်မကျ၍၊ သခ်ါရဝဲ၊ သေစမြဲမို့၊ လွှဲမချော်၊ သားတော် မစိုးရိမ်လှပါ။ သုံးရွာဆံကျင်၊ ဘုရားရှင်မှ၊ သခ်ါရမင်း၊ နယ်အတွင်းမှာ၊ ငယ်စာရင်းပါ၊ ဓမ္မတာဝင်၊ သံသာညွှတ်က၊ မလွတ်သာ၊ ခန္ဓာငြိမ်းရပါသေးတယ်။ မယ်မယ့် ကျက်သရေ၊ သားဘုန်းဝေမှာ၊ မသေမီက၊ တိုင်းပြည်တရိုး၊ သဝေထိုးအောင်၊ ဆိုးလိုက်ရမှ၊ လှလှကြီး သေဝံ့ပါတော့မယ်။ သတ္တဝါ့ထုံးစံ၊ တသန္တာန်တွင်၊ နှစ်တန်သေမြဲ မဟုတ်ပါ။ တရစ်ပတ်ပတ်၊ ဖြစ်တတ်ပျက်ပြန်၊ လံကဓော၊ လောကဓံမှာ၊ ကံနှင့်ကတ္တား၊ သည်တရားများကို၊ သားတော်ရွှေစင်၊ အစင်းအစင်း၊ မှန့်တီဟင်းကဲ့သို့၊ ကွင်းကွင်းကြီး ထင်လွန်းလို့၊ ပူပင်သောက မရှိပါ။ သမ္ဗာကြွယ်လှ၊ မဟာနွယ် သ ပေတဲ့၊ မယ့်ဘုရားဆွေးနယ်ကို၊ အေးလွယ်အောင် ဉာဏ်ဖန်၍ စံတော်သာမူရစ်ပေ့ါ မြတ်မယ်တော် ဘုရား။

၁၃။ မိဖုရားက ဝန်တို့ကို ပြော။ ။ သမ္ဗာဆုံးဆာ၊ နှုန်းမမျှသည့်၊



mgyoe.com

mgyoe.com SAMPLE BOOK

ဘုန်းဘုရား့ရဲဘော်၊ အရည်အချင်း၊ မြတ်သီတင်းနှင့်၊ မင်းမတ်ကျော်တို့ ရှင်၊ ၊ သားတော်ဘုန်းရှိန်၊ ရံခြွယ်ကိုးမျက်၊ ရွှေကြိုးခက်တဲ့၊ ဖိုးနဂ်စိန်၊ တကြိမ်တခါ၊ မလိမ္မာလို့၊ ရာဇဝတ်ရေး၊ မထောက်တွေးဘဲ၊ ဘေးကိုမမြင်၊ အချစ်တော်ယုံ၊ နွံ့ဆိုးဂုဏ်နှင့်၊ ကြံ့တဲ့အင်ကို၊ ယခုပင် သတ်လေ၊ မိန့်တော် မြတ်နှင့် ကွပ်ညှပ်စေ၊ သေလျှင် ကောင်းရော့လို့၊ လွတ်ကြောင်း မတင်ကြ သလား။ တရားကျင့်သုံး၊ မင်းတို့ထုံးမှာ၊ ပြည်မုန်းမည်စိုး၊ ရာဇဂုဏ် မသုန်ရိုးမို့၊ ငဲ့ကိုးမညှာ၊ ကိုယ့်သည်းချာကို၊ ရာဇဝတ်နှင့်၊ သတ်စေလို့ ဆင့်ကတဲ၊ အခွင့်အလမ်း၊ ချင့်စုံစမ်း၍၊ ချမ်းသာသင့်ကြောင်း၊ ရှေးထုံးစံနှင့်၊ ဉာဏ်ထပ်လောင်း၊ မတ်ပေါင်းက တင်သင့်ပါသေးတယ်။ တကယ်ဇကေန္တ၊ သေဒဏ်ကျလျှင်၊ ပြည်ကနင်ရုံ၊ နှင်ခွင့်ကြုံလည်း၊ ချုပ်ရုံနှောင်မူ၊ ရာဇဝတ် ရေး၊ အမှုလေး၊ သေးအောင်ပြုလို့၊ ရုံးစုညီညာ၊ တကြောင်းမငဲ့၊ တကြောင်း ငဲ့၍၊ မယ့်သည်းချာကို၊ ချမ်းသာအောင် တင်ကြစမ်းပါအုံး ဝန့်ရှင်တော်တို့။

၁၄။ ဝန် တင်။ ။ တောင်ရေပတ်ရုံ၊ ခုနစ်တန်တွင်၊ အသကဏ် လကျာ၊ ဇမ္ဗူလုံးရွှံ့၊ နှုန်းမဝံ့၍၊ ဘုန်းကွန့်ဖြာ၊ တရားမင်းမင့်း နှောင်ဘုရား ၊ ၊ ဝိဇယကုမ္မာ၊ သားသည်းချာကို၊ ပြစ်ဆာဝန်လေး၊ သေထောက်တန်၍၊ သေဒဏ်ပေး၊ အရေးသင့်လှပါတော့သည်။ သို့ဖြစ်ငြားသော်လည်း၊ ဘုရား အလောင်း၊ ရှေးမင်းကောင်းတို့၊ လမ်းကြောင်းဥပဒေ၊ ခန္တာပျက်ပြုန်း၊ ဘဝ ရှုံးအောင်၊ မဆုံးစေ၊ အသေ မပညတ်ကြပါ။ ကာသိရဋ္ဌ၊ ဗာရာဏဝယ်၊ သီလဝမင်းကျော်၊ သမ္ဘာရင့်ညောင်း၊ ပွင့်ဆုတောင်းသည့်၊ အလောင်းတော် လည်း၊ မလျော်ကျင့်ယွင်း၊ စည်းစိမ်အသက်၊ ပြည်ကိုဖျက်တဲ့၊ ရန်ဘက် မင်းအား၊ အခင်းအမှု၊ သစ္စာအမှန်၊ မေတ္တာနှံ၍၊ ရန်မပြု၊ ဝတ္ထုကြုမ်းဂန် ရှိပါသည်။ ရာဇာဗြဟ္မဒတ်၊ ထိုမင်းမြတ်လည်း၊ ကွပ်ညှပ်သင့်ငြား၊ ခြောက် ကျိပ် လေးဖော်၊ နန်းကိုကျော်တဲ့၊ လူစော်ကားတို့ကို၊ ဘုရားလောင်းမြတ်၊ ဗောဓိသတ်က၊ နာဂတ်မြော်မြင်၊ သည်းခံသဖြင့်၊ ပါရမီရင့်ကြောင်းကို၊


mgyoe.com

နားတော်သင့် တင်ရာတွင်၊ နားဝင်တော် မူသောကြောင့်၊ လူခြောက်ကျိပ်လေး၊ သက်ခန္ဓာကို၊ ချမ်းသာပေး၊ ရှေးနိပါတ်တော် ရှိပါသည်။ သေလာဂိရိ၊ တောင်တရှိမျှ၊ ပြောင်ကြို့းသခင်၊ စကြာမျိုးကို၊ အစိုးရတဲ့၊ ဘဝရှင်လဲ၊ ဗုဒ္ဓကိုစစ်၊ အလောင်းတော်ဖြစ်ပါ၍၊ သေပြစ်ထိုက်တန်၊ မိုက်သွမ်းသော့တဲ့ သားတော့်ကံ၊ သည်းခံတော်မူပါမည့် အကြောင်းကို၊ ရှိခိုး သံတော်ဦး တင်ပါသည် ဘုရား။

၁၅။ မင်းကြီး ဆို။ ။ လူကြီးအင်္ဂါ၊ စုံလင်စွာနှင့်၊ ပညာဝရဇိန်၊ ပြည်သူလေးမြွတ်၊ အရေးတတ်သည့်၊ မတ်ကဝိန်တို့၊ ။ အနွန်းအစ်၊ ထုံးကျမ်းဂန်နှင့်၊ သည်းခံသင့်ကြောင်း၊ ဝိဇယကုမ္မာ၊ သက်ချမ်းသာအောင်၊ စိတ်ဖြာဖန်၍၊ ခွင့်ပန်တောင်း၊ ထုံးဟောင်းမူကား မှန်ပေသည်။ သို့မှန်ရာတွင်၊ မန္တာဥသာဟ၊ ပဘာဝဟု၊ ရာဇသတ္တိ၊ မင်းတို့အားမှာ၊ သုံးပါးရှိသတဲ့။ ဂတိလေးပါး၊ မလိုက်စားဘဲ၊ တရားငွဲ့ကွက်၊ ပြည်မလိုလား၊ ကြံမှောက်မှား၊ သားဖြစ်လျက်နှင့်၊ အသက်ဆုံးစေ စီရင်သည်။ သို့ဖြစ်သော်လည်း၊ အကျိုးတော်မြင်၊ ထုံးစံအတီး၊ ကျမ်းဂန်မှီးလို့၊ အမတ်ကြီးတင်မှ၊ ငါ့ရင်တော်သွေး၊ စည်းကမ်းမရှိ၊ မှန်းမသိတဲ့၊ ပြည့်အလှေးကို၊ သေဘေးမှ လွတ်ငြိမ်းပါစေတော့။ အသက်မသေ၊ ရာဇဝတ်မှ၊ လွတ်ပြန်ချေလည်း၊ ပုံသေမချွတ်၊ ခွေးမြီးကောက်ကို၊ ကျည်တောက်စွပ်သို့၊ ရာဇဝတ်နောက်၊ သင်းမိုက်မဲလို့၊ ရောက်မြဲပင် ရောက်လိမ့်မည်။ နောက် ရာဇဝင်၊ သားကို စုံမက်၊ ပြည်ကိုဖျက်တယ်လို့၊ အကွရာတင်ရော့မည်။ တိုင်းခွင်ကပယ်၊ သင်းပါကျွန်ပါ၊ ဖောင်ကြီးစွာနှင့်၊ လွတ်ရာနယ်၊ ပင်လယ်သို့ မျှောလိုက်ရမည် မှူးမတ်များ။

၁၆။ မင်းသား တင်။ ။ ထောင်ခြည် မောင်းရင့်၊ ဇွဲကောင်းကင့်ထက်၊ ဒေါင်းမင့်း မိတ်နွယ်၊ တေဇာကြီးလှ၊ ရာထီးခပေတဲ့၊ ဘဘုန်းကြွယ်ဘုရား၊ ။ ဖြော့သားတော်မှာ၊ ပျက်ချော်ရမ်းကား၊ သော့သွမ်းမှား၍၊ ပြစ်အား လျော့စွာ၊ သမုဒ်ကျယ်ပြော၊ ပင်လယ်ကြောသို့၊ မျောရပါတော့မည်။



mgyoe.com

မာလာကုမုဒ်၊ လက်သွယ်ပျောင်းကို၊ ဆယ်ချောင်းရုပ်လို့၊ ရှိအုပ်မြှောက်တင်၊ တရာ့ခုနစ်ကွက်၊ ဝင်းထိန်လက်တဲ့၊ စက်ရွှေစင်ကို၊ ရွက်တင်ထိပ်ပေါ်၊ ရွှေဖယောင်းအိ၊ နေညောင်းရိသို့၊ ရှိပူဇော်၊ သားတော် ကန်တော့ခဲ့ပါသည်။ တေဇာနုဘော်၊ ညာဇမ္ဗူလုံး၊ ခွန်ယူကျုံးပေတဲ့၊ ဘ ဘုန်းမော် ဘုရား။

၁၇။ မင်းကြီး ဆို။ ။ ယုဂန်နန်းနှင့်၊ တာလှမ်းချင့်၊ စန်းငွေပွင့်ယုန်၊ ပမာနှိုင်းဆ၊ ရှုတိုင်းလှပေတဲ့၊ ဘကြေးမုံ ၊ မဟာသမ္မတ၊ ကမ္ဘာစက၊ ရာဇည ထုံး၊ မင်းကျင့်ဆယ်ပါး၊ လက်ရှိထား၍၊ တရားသုံး၊ အားလုံး မိဘဖြစ်ပေ သည်။ ဘုန်းကြွယ်ဘုရား၊ မောင့်ဘဘွားမှာ၊ သိကြားလနေ၊ ပဒ္ဒုန်မြေနှင့်၊ လေယမရာဇ်၊ ပင်လယ်မြစ်ဟု၊ အင်ရှစ်ပါးပြိုင်၊ ရာဇဂုဏ်လေ့၊ အာရုံမွေ့ လို့၊ မရွေ့နိုင်၊ လက်ကိုင်မြဲစွဲ ရချေသည်၊ ရွှေတခဲနက်၊ ဆွဲဘယက်သို့၊ ဆယ်တက်ဆယ်ပြန်၊ ဆထက်တိုး၍၊ ချစ်ရိုးပင်မှန်ကတဲ၊ ပြစ်ဒဏ်ပေး လောက်၊ အရေးရောက်က၊ ရွှေးကောက်မညာ၊ ယမရာဇ်မင်းထုံး၊ အခွင့်တုံး အောင်၊ ကျင့်သုံးရာ၊ မေတ္တာကင်း၍၊ ဘမင်းမောင့်ကို မနှင်ဘူး။ ကွန့်မြူး ဘုန်းရောင်၊ ဘဘုန်းခေါင်ကို၊ သားမောင်ရှိခိုး၊ ပူဇော်စိတ်သန်၊ ကန်တော့ ပြန်တဲ့၊ ကံအကျိုးကြောင့်၊ ဘေးမျိုးပျောက်ကွာ၊ ရောက်ရာရာမှာ၊ စကြာ ထံနီး၊ ဆိုက်လာခဲ၍၊ ယာဉ်ပျံစီး၊ ဘုန်းကြီးမည့် အကြောင်းနှင့်၊ ဆုတောင်း တော် မှုလိုက်ကဲ့ သားတော်မောင်။

(သားတော်က မယ်တော်ကို ကန်တော့စေ)

၁၈။ ကြာလှုံ့မလေ့၊ ဘုံရဝေ့ထက်၊ ဂုဏ်သရေ့ရှင်၊ ရွှေရင်ပိုက်ထွေး၊ ချိုမြိုက်ရည် ကျွေးပေတဲ့၊ မွေးမိခင်ဘုရား၊ ၊ ခမည်းတော်မြတ်၊ လောက နတ်၏၊ ဆုံးဖြတ်အာဏာ၊ လှိုင်းလေကကြမ်း၊ ပင်လယ်လမ်းကို၊ မြန်းရပါ တော့မယ်။ လေးသွယ်ရောင်စို၊ မြင်းမိုရ်အသွင်၊ ဖြူဝင်းအသရေ၊ မြူကင်း ကွေတဲ့၊ ခြေတော်ပြင်ကို၊ ကြည်လင်မြတ်နိုး၊ ခွေနှစ်ပတ်ကြော့၊ ဖြေခတ် လျော့နှင့်၊ သားတော့်ဆံကျင်၊ သျှောင်ကေရှင်မှာ၊ ရွက်ဆင်ဖြိုး၊ ရှိခိုးပူဇော်


mgyoe.com

ခဲ့ပါမယ်။ ရွှေစံပယ်နွဲ့၊ သွယ်လှဲ့လှဲ့၊ မယ်မယ့်မျက်ဖျော်၊ ညာဥကင်မ၊ ချင်းစင် သတဲ့၊ ဖြူးသားတော်ကို၊ ရည်ရော်၍သာ၊ သင်းပျံ့ဝေဝေ၊ နှင်းနံ့ရေနှင့်၊ အောင်ဓေယျာ၊ မေတ္တာသာ ပို့တော်မူပါတော့ မယ်မယ် ဘုရား။

၁၉။ မိဖုရား ဆို။ ။ ကြည်စဖွယ်တင့်၊ ရှယ်သင့်သင့်၊ ကြယ်တပွင့်ရောင်၊ ပင်ဇမ္ဗူမှဲ့၊ ရင်မှုနွဲ့တဲ့၊ မယ့်သည်းခေါင်။ တောင်ဇမ္ဗူ့ရှင်၊ မောင့်ဘခင်က၊ ဝိညာဥ်ပျက်ပြို၊ မသေလို၊ ရေညို့ဝဲသို့၊ လွှဲလိုက်ရမယ်၊ မိန့်တော်ထပ်လို့၊ မှတ်ပြန်တယ်။ မယ်မယ့်သက်ဝေ၊ တပင် ကြငှန်း၊ ဆင်မခန်းတဲ့၊ ဇင်ပန်းခွေ၊ မသေကြလျှင်၊ ရှေးကအကြောင်း၊ ဝဋ်ဝိပါက်ကြုံ၊ ကံဆိုးကုန်လျှင်၊ ဆုံရ ကောင်းရဲ့လို့၊ သောင်းရွှေလုံ့းမယ်၊ အဆုံးချလို့၊ တွက်ရတယ်။ ကိုးကွယ်ရာမဲ့၊ မယ်ဘုရားမှာ၊ တအားနွဲ့မို့၊ ကြံတဲ့တတ်ပြီ၊ တရီရီ၊ မှုံးသီဝေမှောင့်၊ နေမဖြောင့်၊ ဖေမောင့်မျက်နှာ၊ ရှုကာကာနှင့်၊ ဓာမကာရ်းတိမ်၊ ကာသမ်းမှိန်၊ စန်းဣန္ဒြနှယ်၊ ဗျာပါဆယ်လေး၊ မြူခြယ်မြေးလို့၊ ဆွေးရတယ်၊ ကေသွယ် ဖြေလျော့၊ လက်ငွေဖော့နှင့်၊ ကန်တော့တဲ့ အကျိုး၊ သက်ရှည်ကြာလို့၊ တေဇာတိုး၊ တန်ခိုးဘုန်းရှိန် ပပါစေ၊ သပြေညာနု၊ ငွေခရနှင့်၊ ဓေတုဓိဋ္ဌာန်၊ ပလ္လင်ညာနန်း၊ သာကြငှန်းက၊ ချမ်းသာဆုပန်လိုက်မယ်။ မြစ်ယံစခန်း၊ ပင်လယ်လမ်းကို၊ မြန်းလေတော့ရွှေသား၊ ကြမ္မာကူညွှန်း၊ လေယူရာ ယွန်းပေမယ့်၊ တစ်ကျွန်းသွား၊ သနားလိုက်ပါဘိတော့ သားတော်မောင်ငယ်။

၂၀။ ဝန် တင်။ ။ စကြာမန္ဓာတ်၊ သားသြရသ်သို့၊ သဟာသ်ရောင်ဝင့်၊ နေတပွင့်၊ အရှင့် ရင်သွေးတော်ဘုရား၊   ၊ အမိန့်တော်သံ၊ လွှတ်သို့ပြန်သည်မှာ၊ နက်ဖြန်နံနက်၊ အရုဏ်တက်၍၊ လေးချက်ကျော်လျှင်၊ ရွှေလှော် တပွင့်၊ ဟန်မူတင့်၊ အရှင့်သားပါ၊ ကျွန်းများစွာနှင့်၊ လွှတ်ရာ နယ်ကြော၊ ပင်လယ်သို့ မျှောရမည်ဟု၊ အဆောတလျင် ဆင့်ပါသည်။ လေးမည်လက်နက်၊ နတ်မင်းစက်ကဲ့သို့၊ ထုတ်ပြန်ချက် အမိန့်တော်နှင့်၊ ညီလျော်



mgyoe.com

သဖြင့်၊ နက်ဖြန်လင်း၊ အပြင်း လွှင့်မည်ကြောင့်၊ အသင့်ပြင်လျက်၊ ဖောင်ကြီး ထက်သို့၊ ညတက်၍ စံတော်မူပါ ဘုရား။

**တစ်ခန်းရပ်။**

---

## အခန်း [ ၂ ]
## သိကြားမင်းနှင့် ဥပ္ပလပတ္တနတ်တို့ လှူပြည်သို့ သက်ဆင်းခန်း

၂၁။ **သိကြား ဆို။** ။ ပုဗ္ဗေကတ၊ ရှေးပုညကြောင့်၊ တေဇမယုတ်၊ ရတနာ့ရောင်လျှံ၊ ရွှေဗိမာန်နှင့်၊ တောင်ယံချုပ်၊ ဥပ္ပလပတ္တ၊ မည်ရထင်ရှား၊ မောင်နတ်သား၊ ၊ သုံးလူ့ထွတ်ဖျား၊ မကိုဋ်ထား၊ ဘုရားမုနိန်၊ မာရဇိန်သည်၊ ကုသိန္နာရုံ၊ မြေကြန်သန့်ရှင်း၊ ရွှေလျှံဝင်းတဲ့၊ အင်ကြင်းစုံတွင်၊ အောင်ဘုံနိဗ္ဗာန်၊ ဝင်လုတျားတျား၊ ဆဲဆဲသားတွင်၊ ငါ့အားခေါ်၍၊ မိန့်တော်ပြန်၊ နာခံဆင်ရွက်လိုက်ရသည်။ ဝိဇယကုမ္မာ၊ လောင်းပွင့်လျာကို၊ ၇၀၀ ကျွန်ရင်း၊ ဖော်သင်းပင်းနှင့်တကွ၊ ပင်လယ်ကြော မျှောကာလဦ၊ မာဃနတ်ကျော်၊ တကာတော်သည်၊ နှီးဆော် စောင့်ရှောက်၊ လင်္ကာဒိပ်၊ ကျွန်းနိုင်ငံသို့၊ အမြန်ရောက်အောင်၊ ချီးမြှောက် မ စ ရစ်ရမည်။ ဝိဇယကုမ္မာ၊ ထိုရာဇာသည်၊ လင်္ကာသီဟိုဠ်၊ ကျွန်းနဂိုတွင်၊ ဖျက်ဖြိုရန်စစ်၊ တကျွန်းလုံး၊ မင်းဆုံးဖြစ်၍၊ အနှစ်ရှည်ကြာ၊ သာသနာကို၊ ကောင်းစွာ ရွက်ဆောင် ပေလိမ့်မည်။ ယင်းသို့ဘုရား၊ ဗျာဒိတ်ထား၊ ငါ့အား မှာတော်မူခဲ့သည်။ မြတ်စွာဘုန်းမော်၊ သုံးလူ့ဘော်၏၊ လိုတော်ပြည့်စုံ၊ ဖန်ဆင်းကြည့်ရှု၊ လုံ့လပြု၍၊ မှူတော်ကုန်အောင်၊ လှူဘုံသို့ သက်ကြစို့ မောင်နတ်သား။

၂၂။ **နတ် ဆို။** ။ ဗျာဒိတ်တော်မြတ် အတိုင်းပါ ဘုရား။ မြတ်စွာ


mgyoe.com

SAMPLE BOOK


သုံးလူ့၊ သဗ္ဗညုု၏၊ မူတော်ကုန်အောင် လူ့ဘုံသို့ သက်တော်မူပါတော့ဘုရား။

## [ နတ် ပတ်တိုက် ]

၂၃။ ဇမ္ဗူဒီပ၊ ကပ္ပိလမှာ၊ သာကီယနတ်၊ သုံးခေတ်အတွင်း၊ စိုးနိုပ်နင်းသည့်၊ မင်းသိဒ္ဓတ်သည်၊ မြတ်နိက္ခမ၊ ထီးနန်းမခင်၊ စွန့်ရှောင်ကြဉ်၊ တောဝင်စဉ်၊ လွလွဖြူစွာ၊ ငွေတခဲစင်၊ ပုလဲသွင်သို့၊ သဲပြင်သာမှာ၊ အဥ္စနာလျှံ၊ သွယ်ပိတုန်းရောင်၊ မယ်ထုံးနှောင်တဲ့၊ သျှောင်ကေဆံကို၊ ရွှေသန်လျက်ရှင်၊ ပယ်သုတ်သင်၍၊ ကောင်းကင်တိမ်ညွှန့်၊ မိဋ္ဌာန်ကောက်၍၊ မြှောက်လိုက် စွန့်သော်၊ ဧရာဝဏ်သခင်၊ ဘုရင်ဘုန်းလျှံ၊ ကိုယ်တော်ခံ၍၊ မိုးယံနတ်မှာ၊ ဌာပနာသည့်၊ စူဠာမုနိ၊ စေတီ အထက်၊ ခရားသီးနှင့်၊ ရွှေထီးချက်က၊ ဖန်ညောင်ရွက်တွဲ၊ စိန်ချိတ်တဲတဲ့၊ မြဆွဲလဲ မြည်သံကို၊ နာခံ၍ သက်တော်မူပါရှေ့ ဘုရား။

၂၄။ လှုပြည်သို့ရောက်၍ သီကြား ဆို။ ။ ဉပ္ပလပတ္တ၊ အမည်ရ၊ တေဇထင်ရှား၊ မောင်နတ်သား၊ ၊ နက်ဖြန်နံနက်၊ ငွေမောင်းချီ၊ အောင်စည် နက်လျှင်၊ နန်းဆက်မှန်လှ၊ ဝိဇယကို၊ မြစ်မရေကြည်၊ ပင်လယ်ကြောသို့၊ မျှောလိမ့်မည်။ ယင်းသည်ကာလ၊ ဘေးရန်ကင်းကွာ၊ ကျွန်းလင်္ကာသို့၊ မြန်စွာရောက်အောင်၊ စောင့်ရှောက်ဖန်ဆင်း၊ တန်ခိုးကူ၍၊ ယူဆောင်ကြဉ်း၊ မောင်မင်း လုံ့လပြုရမည်။ ကျွန်းကြီးလင်္ကာ၊ ဆိုက်ရောက်ခါလည်း၊ များစွာ သိန်းသန်း၊ ဘီလူးကြမ်းတို့၊ လိုက်ဖမ်း သတ်စား၊ နာနာရုပ်ဖန်၊ မဟုတ်ကြံတဲ့၊ ဘေးရန်များကို၊ ပယ်ရှားလွတ်အောင်၊ နတ်တန်ခိုးနှင့်၊ သည်ပိုးဆောင်၊ အမောင် ထိန်းသိမ်းရစ်ရမည်။ ပရိတ်တော်ရည်၊ ပရိတ်ချည်တို့ကို၊ သည်က ဆောင်သွား၊ ဝိဇယဘွဲ့ယူ၊ ဘုန်းရှိသူနှင့်၊ ပါလူများကို၊ သင်ကားပေးလေ၊ ထွေထွေကြောင်းစ၊ ငါ့အာဏာနှင့်၊ မှာသမျှကို၊ ခုက


mgyoe.com

mgyoe.com

အသင့်၊ ဝိဇယမင်းသား၊ ရေမလားခင်၊ မောင်သွားနှင့်၊ ဖင့်နွဲ့မရှောင်၊ ပရိဗိုဇ်ရဟန်း၊ ဝတ်သကင်္န်းနှင့်၊ ပုံပန်းဆောင်၊ ရောက်အောင် သွားနှင့်ပေတော့ မောင်နတ်သား။

၂၅။ နတ် ဆို။ ။ တင်ပါသည် ဘုရား။ မိန့်တော်စက်ရိပ်၊ ရွှေတံဆိပ်ကို၊ ဦးထိပ်ရွက်ပန်၊ တစ မကြွင်း၊ မလစ်ဟင်းရအောင်၊ ချက်ချင်းဖန်၊ စီမံ ဆောင်ရွက်ပါတော့မည် ဘုရား။ ရွှေပြည်အယုဇ္ဈ၊ ဝတီနန်းသို့၊ စက်ပန်းကြွ၊ စိတ်ချ၍ စံတော်မူရစ်ပါတော့ ဘုရား။

## နတ် ပတ်တိုက်

၂၆။ သိဟဂဇ၊ သိန္ဓဝနှင့်၊ ဥသဘ ခံတွင်း၊ ပြွန်လေးစင်းတွင်၊ နွားမင်းကတွတ်၊ ဖြာဖြာကျအောင်၊ အာကလွတ်၊ ဖန်ကရွတ်ခွေ၊ တဆဲ့နှစ်ပြိုင်၊ လှည့်ကာဆိုင်တဲ့၊ နတ်အိုင်ရေလည်း၊ တွေတွေစီးဝှန်၊ ခြောက်ဆယ်ခန့်လောက်၊ တိမ်ညွှန့်ကို ဖောက်ပြီးလျှင်၊ မြှောက်ကာသွန်သော်၊ တံခွန်ရေယဉ်၊ တိယင်္ဂလ၊ အမည်ရတဲ့၊ မြကျောက်ပျဉ်ကို၊ သွင်သွင်ရိုက်ခွဲ၊ ကောင်းကင်လက်က၊ ရေရဟတ် ကြဲသော့အခါ၊ တော်လဲတဲ့ အသံကို၊ နာခံ၍ သက်ရဦးတော့မည် ဗျား။

**တစ်ခန်းရပ်။**

---

# အခန်း [ ၃ ]
# ဝိဇယမင်းသားနှင့် နတ်တွေ့ခန်း

၂၇။ ဝိဇယမင်းသား ဆို။ ။ ငယ်မည် ပေတိုး၊ ဘွဲ့နေမျိုးနှင့်၊ ငဆိုးငယ်မည်၊ ဘွဲ့ပုံချိရို့၊ ။ သိဟပူရ၊ ကျော်ပေါက်ပြ၊ ပြည်မအောင်ချာ၊ ဘိုးတော်ဘုန်းတောက်၊ ကြငှန်းဆောက်တဲ့၊ ကျောက်ဂူဟာက၊ ရှောင်ခွာ


mgyoe.com

ယွန်း၊ တကျွန်းသို့ ရောက်ကြတော့မယ်။ ပင်လယ်ခရီး၊ ကမ်းမမြင်တဲ့၊ ရေပြင်ကြီးမှာ၊ တတ်သိး လိမ္မာ၊ အိမ်မြှောင်မာလိန်၊ မှန်ပြောင်းချိန်လို့၊ နက်တိမ်ထောက်ကူ၊ သိလောက်သူမှ လူမပါ၊ ကြမ္မာတို့ကံ ဖြစ်တော့တယ်။ ဘယ်မှာမဆို၊ ရောက်လိုရာရောက်၊ မှောက်လိုမှောက်၊ ကံထောက်ပါမှ၊ ငါတို့တတွေ၊ ပင်လယ်ဇွေမှာ၊ မသေကြဘဲ ကျန်တော့မည်။ ကမ္ဘာသကာ၊ ဖြစ်ချင်တိုင်းဖြစ်၊ နစ်ချင်တိုင်း နစ်ကရော့၊ စိတ်မညစ်သာပြီဘူး။ ပဉ္စာဝုဓ၊ မင်းသားထုံးစံ၊ မလွဲသာ၍၊ ရန်သူတွေ့၊ ခြသေ့်ခံ ခံရအောင်၊ မြဲမြံဖွဲ့ယှက်၊ သိကြားလက်ချိန်၊ ဝရဇိန်ကဲ့သို့၊ ရန်နှိမ်ဖျက်၊ လက်နက်ကိုယ်စီ ပါကြစေ မောင်မင်းတို့။

(ဆိုပြီးလျှင် ဖောင် မျှောစေ။)

၂၈။ **လင်္ကာဒီပကျွန်းသို့ ရောက်၍ မင်းသား ဆို။** ။ ဇမ္ဗူလယ်ချက်၊ လူနယ်ကွက်မှာ၊ ဆွယ်ဘက် မဝံ့၊ သဘက်မကာ၊ ရက်စက်လှ၍၊ ပြည်က စွန့်၊ ကျေးကျွန့်အပေါင်း မင်းမာတို့၊ ၊ ငါတို့တတွေ၊ ကံကောင်းပေလို့၊ မသေမပျောက်၊ ကျွန်းတခုသို့၊ ဗိုလ်ထုပါ ရောက်ကြပြီ။ အထောက်အလှမ်း၊ စုံစမ်းတစိ၊ အနေအခံ၊ ကျွန်းဖြစ်ပုံကို၊ အလုံးစုံသိရအောင်၊ ကျွန်းကြည့် လည်စမ်းကြစို့ မောင်မင်းများ။

(ကျွန်းသို့ လည်။)

၂၉။ **ကျွန်းလယ်သို့ ရောက်၍ မင်းသား ဆို။** ။ လက်စွဲတော် နေမျိုးရို့၊ ၊ သမုဒ္ဒရာ၊ ကမ်းယံကလာခဲ့၊ ကန္တာ ကွန်းထောက်၊ မော်စွန်း ကွယ်၊ ကျွန်းလယ်သို့ ရောက်ကပြီထင့်၊ နှင်းသောက်တဲ့မြိုင်၊ ညာသွယ် ဆင့်တန်း၊ နာမယ်ဖြင့် ဆန်းပေလိမ့်၊ ဘယ်ပန်းခိုင်လို့၊ သိနိုင်တတ်ပြီ၊ မငုံ တချို့၊ ငုံတချို့နှင့်၊ မှူန်လို့စီ၊ ရာသီလင့်ဟန် ရှိကြတယ်။ ယူသယ် ဝတ် ရက်၊ လေချိုသိမ်းဖွဲ့၊ စိမ်းလဲ့လဲ့နှင့်၊ နွဲ့ပန်းခက်မှာ၊ ငှက်ဖြင့် ငှက်ပဲ၊ သာရကာ


mgyoe.com

လား၊ တမာလား၊ ဘွဲ့ခြားလို့ ခွဲနိုင်ဘူး၊ ယဉ်နဲ့ကပို၊ ထုံဝတ်လွှာမွေး၊ ဆွတ်ရွှာနွေး၊ ညာကြွေးကြော်လို့၊ ဖော်တကိုယ်၊ ခေါ်သလို ထင်လိုက်ပါဘိတယ်။ ပယ်တကွင်းစာ၊ လယ်ခင်းသာမှာ၊ စာမရိလို၊ ဇောိလို၊ ကိုယ်ခပ်ဖိုင့်ဖိုင့်၊ ခရာပိုပို၊ ဘာလိုလို၊ ချိုဝိုင့်ဝိုင့်နှင့်၊ ဂနိုင့်ကျက်သရေ၊ မြက်ခင်းလှဲ့လှဲ့၊ နှင်းတွဲ့တွဲ့မှာ၊ သင်းဖွဲ့လို့ နေကြတယ်။ ရံရွှေတညီ၊ နေရီရီမှာ၊ ပွေပလီများတာမို့၊ သနားစဖွယ် ရှိလှတယ်။ တောင်စွယ် ကမ်းစောက်၊ ခါးပန်းလောက်က၊ စမ်းပေါက်တဲ့ရေ၊ ငွေမကိုင်ရှုစွန်း၊ ငိုက်ရှုန်းရှုန်းမှာ၊ ဝိုက်ဝန်းခွေလို့၊ တောင်ခြေအောက်ယံ၊ နတ်သောက်ကန်မှာ၊ ခေါက်ပြန်သွတ်လှယ်၊ ကြာဝတ်ကို သယ်ကြတယ်၊ ယင်မယ်ညိုဖုဲ၊ ပိတုန်းရွှေလိုက်၊ အချိုကြိုက်ကယ်၊ ကြာသိုက်ထဲက၊ သူကလဲ တမှောင့်၊ မူရာ ဆင်ကွဲ၊ ယဉ်တနဲ၊ ဘွင်သဲမှာ နှောင့်လာလို့၊ ဘုန်းမောင့် ဖြစ်ထွေ၊ ကြာညောင်ဝင်းဝှန်၊ ထုံးနှင်းသွန်တဲ့၊ သလွန်ဗွေမှာ၊ ရံရွှေဝဲယာ၊ စံမြဲခါများကို၊ နန်းညာသူ့သွေး၊ ပြန်လှန်လို့ တွေးသောခါ၊ ဆွေးမြေထုနှယ်၊ သွယ်မျက်ရည်ဝဲ၊ ဆည်မစဲ၊ ကြေကွဲလိုက်ပါဘိတော့တယ်။ ဗျာကြွယ်ညိုးအောင်၊ ရှိုရိုးမြှောင်က၊ ဖိုးခေါင်ရင့်ကြည်၊ ပန်းဝတ်ရည်နှစ်၊ သောက်မူးယစ်၍၊ ချစ်စရာသူ့ကိုယ်နှင့်၊ ခုလိုများ မြည်သောခါ၊ ပြည်တော်ကို လွမ်းလိုက်ပါဘိတော့ငါ့ကျွန်များ။

၃၀။ **နတ်သားနှင့် တွေ့၍ မေး။** ။ ဖန်ဝါနီမြန်း၊ ဝတ်သကာန်းနှင့်၊ မဂ်လမ်းဖောက်မည်၊ ကျင့်ဆောက်တည်၊ မထေရ် ရဟန်းတော် ဘုရား၊ ။ ကိုယ်တော့်နေရပ်၊ သည်ကျွန်းမြတ်ကို၊ ပညတ်ထူးလည်၊ ဘယ်ကျွန်းနဂရ၊ ဘယ်ဌာနလို့၊ ခေါ်ကြသည်၊ အမည်ကို သိလိုလှပါသည် ဘုရား။

၃၁။ **နတ် ပြော။** ။ အေးအေး ဒကာ၊ ငါခုနေသည့်၊ ကျွန်းမြေချာကို၊ လင်္ကာကျွန်းကြီး ခေါ်ကြသည်။ ဒကာရို့ကော၊ ဘယ်မြို့ဘယ်ရွာ၊ ဘယ်က လာ၍၊ လင်္ကာကျွန်းတွင်း၊ ကျူးကျော်ပေါက်လို့၊ ရောက်တဲ့ခင်း၊ နေရင်းရွာနှင့်၊ လာပုံကို ပြောစမ်းကြ ဒကာတို့”

၃၂။ **မင်းသား လျှောက်။** ။ တင်ပါသည် ဘုရား၊ ၊ တပည့်ပေါင်းတို့၊ နေပေါင်းမှုလ၊ ဇာတိတည်တဲ့၊ ပြည်ဌာနမှာ၊ ဒီပအောင်ချက်၊ တရာ့တဆူ၊ ကနက်ထူသည့်၊ ဇမ္ဗူချက်တွင်၊ ဖွားချက် ကြွေမှာ သီဟပူရ၊ ပြည်ဌာနလို့၊ ခေါ်ကြပါ၊ ဆရာ ရဟန်းတော် ဘုရား။

၃၃။ **နတ် ဆို။** ။ ပြည်ကိုပြော၊ သဘောကျပြီ၊ ကိစ္စကို ဆိုစမ်းအုံး ဒကာ။

၃၄။ **မင်းသား လျှောက်။** ။ မသွေမလှန်၊ ဟုတ်တိုင်းကို ပြန်ပါ့မည်။ နာခံတော်မူပါ့ ဆရာတော်ဘုရား၊ ၊ ဒကာတော်သည်၊ သောင်းပေါ်ဌာနီ၊ ဇမ္ဗူဒီတွင်၊ သီဟပူရ၊ ရွှေပြည်ကြီးကို၊ ဘုန်းမီးပတဲ့၊ သီဟဗာဟု၊ လူမှန်ပုဏ်၊ စက္ခုမျက်ဖျော်၊ အိမ်ရှေ့နှင်း၍၊ သောင်းတွင်းကျော်၊ သားတော်အကြီး ဖြစ်ပါသည်။ ပြည်ကို ညှဉ်းပန်း၊ အကျင့်သွမ်းတယ်လို့၊ ယမ်းမီးအသွင်၊ ခမည်းတော်ချစ်၊ မျက်မာန်ယစ်၍၊ စွန့်ပစ်နှင်၊ မြစ်ပင်လယ်သို့မျှောပါသည်။ ကျွန် ခုနစ်ရာ၊ အိမ်တော်ပါနှင့်၊ လင်္ကာဒီပ၊ သည်ကျွန်းရပ်သို့၊ ကပ်မိကြ၊ ကိစ္စအခြား မဟုတ်ပါ ဆရာတော် ဘုရား။

၃၅။ **နတ် ဆို။** ။ အနို့ အို သို့ကလိုလား ဒကာ၊ ၊ မချန်မထောင့်၊ အမှန်ကို ဖြောင့်တော့၊ သနောင့် လိုက်ပါဘိ၊ အရာရာမျိုး၊ ကောင်းအဆိုး၊ ကြောင်းကျိုးထောက်ညှိ၊ လင်္ကာခေါ်ညွှန်း၊ လွန်ကျယ်ဝန်းတဲ့ ကျွန်းသတ္တိကို၊ ငါသိတိုင်း ပြော၊ ကျွန်းတရား ဟောလိုက်မည်။ သဘောနှင့်နားထောင်စမ်းပါအုံး ဒကာ၊ ၊ သည်မြေမျက်နှာ၊ ကျွန်းလင်္ကာသည်၊ ငါးရာ ပေါ်ထွန်း၊ ဇမ္ဗူဒီပ၊ သောင်းဗိမာန်ကို၊ ရံတဲ့ ကျွန်းတွင်၊ တကျွန်းအဝင်ဖြစ်ပေသည်။ သည်ကျွန်းမှုကား၊ လူသက်သက် ကင်း၊ နတ်ဘီလူးတို့၊ စံနေဖို့ဟု၊ မြို့ဖန်ဆင်း၊ ကြောက်မင်းဖွယ်လိ ဖြစ်ပေသည်။ တဆိတ်စာမျှ၊ လူနံ့ရလျှင်၊ ဗလဗွစောင်ရမ်း၊ ခွေးပိန်မကို၊ ကျားထ၍ ဖမ်းသည့်နှယ်၊ ငေါက်ငမ်း ခြိမ်းမဲ၊ အကျိုးနဲ၊ ဖွဲပြာဖြစ်၍ ပျောက်ရသည်။ သို့လောက်


mgyoe.com

ယုတ်မာ၊ ကြားရုံနှင့် ရှူးလောက်တဲ့၊ ဘီလူးရွာကို၊ ဒကာ နုနယ်၊ သနားဖွယ် တို့သည်၊ ပင်လယ်မြစ်မှာ၊ ရေနစ်လို့တော့ မသေ၊ သည်ကျွန်းသို့ ရောက် ကာမှ၊ အူပေါက်၍ သေမယ်လို့၊ တုမေ့–သင် ဒကာတို့သည်။ အာဂစ္ဆန္တိ– လာကြကုန်၏။

၃၆။ မင်းသား လျှောက်။ ။ ဝေနေယျာကို၊ ခေမာနိဗ္ဗာန်၊ ရောက် အောင် ပို့မည့်၊ ကူးတို့ခံ၊ ဘုန်းလျှံ ဆရာတော်ဘုရား၊ ၊ ကိုယ်တော့်ဒကာ၊ ဥပရာမှာ၊ လာကတဲက၊ စိတ်စွဲမှတ်သား၊ သေစာရင်းမှာ၊ သွင်းပြီးထား၊ ထူးခြား၍ ကြောက်ဖွယ်မရှိပါ။ လက်ာခေါ်ညွှန်း၊ ဘီလူးကျွန်းသို့၊ ကံတွန်း ၍ ချ၊ အရေးဆိုက်လို့၊ ကြုံကြိုက်မှ၊ လုံ့လပညာ၊ ယောကျ်ားကောင်းတို့၊ ကြံကောင်းရာ၊ ဒကာတိုးလို့ ကြံပါမည်။ ပြည်ဗာရာဏ၊ အစိုးရ၊ သောမ မင်းမြတ်၊ ကြမ်းကြုတ်ရက်ရော၊ လွန်မာကျောသည့်၊ ပေါရိသာဒ်ကို၊ ကွပ်ညှပ် ဆုံးမ၊ ဘီလူးညွတ်၍၊ ကျွတ်ဖူးရ၊ ရှေးက သက်သေရှိပါသည်။ အမည် အမျိုး၊ အရိုးအမြစ်၊ အနွယ်ကို စစ်လိုက်လျှင်၊ ကေရာဇ်ဖွား၊ ဝိဇယတဲ့၊ ဘကြီးသား၊ လားလားမှ ဖြုံပါဘူး၊ လူပုံကို ကြည့်တော်မူစမ်းပါအုံး ဆရာ တော် ဘုရား။

၃၇။ နတ် ဆို။ ။ သင့်ပေငဲ့ ဒကာ။ ရောက်လာတွေ့စ၊ ပထမက၊ မွှမွှညက်ကြေ၊ လူကဲခတ်လို့၊ ပတ်ပတ်မွှေ၊ လူရေကို သိပါငဲ့ ဒကာ။ အာ သံ လျှာသံ၊ ဉာဏ်နှင့် လူစွမ်း၊ ဆရာ သိချင်လို့၊ သတ္တိ စမ်းလိုက်သည်။ ကြောက်ခမန်းလိ၊ အရေးရှိ၊ ချိုင်ချည့်အဟုတ်၊ ကေရာဇ်သွေး၊ ခြသေ့်မြေး၊ စဉ်းလေးမှ ဆုတ်ပေဘူး။ ကေဝုစ် လူပုံ၊ ဆရာတော် ယုံလှပြီ။ ယုံမှာ ယုံ လောက်၊ လူဂုဏ်ပင် ရောက်ကတဲ၊ အထောက်အပင့်၊ ဘုရားမန္တန်၊ ဆောင် ရွက်ရန် များကို၊ နှံ့ဦးမှ သင့်ချေမည်။ ရှင်ပင့်ရွှေနှုတ်၊ မေတ္တာသုတ်ကြောင့်၊ တောအုပ်ခန်းဝါ၊ ရှင်ရဟန်းတို့၊ ဘေးဘျမ်းကွာ၊ ချမ်းသာရောက်ဖူးလှလေ ပြီ။ ဝဇ္ဇီတိုင်းတွင်၊ ဘီလူးဝင်သော်၊ ရှင်အာနန္ဒာ၊ ရတနသုတ်၊ ရွတ်မန်းမှုတ်


mgyoe.com

mgyoe.com

၍၊ ဖုတ်ပြီတ္တာ၊ မိစ္ဆာဘီလူး ပျောက်ရသည်။ ယုံကြည်မြတ်လေး၊ ပရိတ်တော် ရည်၊ ပရိတ်ချည်တို့ကို၊ ငါသည်က ပေးလိုက်မည်။ ဘေးမျိုး လွတ်ရှောင်၊ ရန်ကင်းအောင်၊ ဆောင်၍ သွားကြလေရော့ ဒကာရို့။

၃၈။ မင်းသား ဆို။ ။ တင်ပါသည် ဘုရား၊ သမ္မာသမ္ဗုဒ္ဓ၊ ဘုရား ပရိတ်၊ အောင်ဘိသိက်ကို၊ ဦးထိပ်ရွက်ဆင်၊ သိဒ္ဓိခပ်သိမ်း၊ ပြီးစီးငြိမ်းတဲ့၊ ရှိမ်းရေစင်ကို၊ ဆောင်ချင် ရွက်ချင်လှပါသည်။ ဒကာများကို၊ သနား စိတ် သန်၊ ပရိတ်ရေစင်၊ အောင်ချည်မျှင်များကို၊ စီရင်ဖန်၊ မြန်မြန် သနားတော် မူပါ ဘုရား။

၃၉။ နတ် ဆို။ ။ ရော့ သည်က ဒကာ၊ ငါလက်ကိုင်စွဲ၊ ကရားထဲ က၊ ဘေးလွှဲရန်နှိပ်၊ အောင်ဘိသိက်၊ ပရိတ်ရေလဲ ပါလေငဲ့။ ဒကာနှင့်တကွ၊ လူအပေါင်းကို၊ ခေါင်းကစ၍၊ သွန်းချရေစင် ဖျန်းလေတော့။ ရော့ သည် ကလဲ၊ ပရိတ်ငွေ့သွင်း၊ ရန်မျိုးကင်းတဲ့၊ ချည်ကွင်းပဲ။ ပွဲတွေ့အကျော်၊ လက် ပြန် ချည်ဖွပ်၊ နားမှာဝတ်၍၊ လွတ်ရသော်၊ မပေါ်ရန်မီး၊ ဘုရားချည်ထိန်း၊ သိလာရင် ပိန်းနေကျ၊ ရှိမ်းတော်ကြီး၊ ပြီးစီးအကုန်၊ ဘာမစိုးနှင့်၊ ဘေးမျိုး လုံ၊ ယုံယုံသာ ဆောင်ကြလေရော့ ဒကာတို့။

၄၀။ မင်းသား လျှောက်။ ။ တင်ပါသည် ဘုရား။ ဒကာတို့မှာ၊ နောင်သို့မတော်၊ အရေးပေါ်လျှင်၊ ရှုမျှော်ထောက်ထား၊ ကရုဏာနှင့်၊ မေတ္တာ ပွား၊ ကြိုးစား၍ စောင်မတော်မူပါ ဘုရား။

၄၁။ နတ် ဆို။ ။ တော်လှပြီ။ ငါ့မေတ္တာရည်၊ ပရိတ်ချည်တို့ကို၊ ယုံကြည်ညွှတ်တွား၊ ဆောင်ရွက်ရှားတဲ့၊ ဒကာများကို၊ သနားချစ်ကြည်၊ အန္တရာယ်ကင်း၊ ဘေးမျိုးရှင်းအောင်၊ ချက်ချင်းလာ၍၊ ငါ မ မည်။ ငါဆရာ လည်း၊ သင်္ဃာထေရ်ပေါင်း၊ သိတင်းသုံးဖော်၊ ရဟန်းတော်တို့၊ မျှော်တော် ညောင်းရော့မည်၊ ကျောင်းတော်သို့ ပြန်ဦးမည် ဒကာတို့။

၄၂။ မင်းသား လျှောက်။ ။ တင်ပါသည် ဘုရား။ ဒကာတော်တို့၊


mgyoe.com

mgyoe.com SAMPLE BOOK

လေးဖော်သမ္မိဒါ၊ ဝိဇ္ဇာသုံးရပ်၊ ဣဒ္ဓိပါဒ်နှင့်၊ ထေရ်မြတ်ဘုန်းမော်၊ မြူမရှက်တဲ့၊ ရွှေစက်တော်ကို၊ ထိပ်ပေါ်တင်မိုး၊ ရိုသေတုပ်ကွ၊ ဦးနှိမ်ချ၍၊ ခဝပ်ကျိုး၊ ရှိခိုး ပူဇော်လိုက်ပါသည် ဆရာတော် ဘုရား။

၄၃။ **နတ် ဆို။** ။ သာဓု သာဓု၊ ဒကာစုမှာ၊ အာယုဝဏ္ဏာ၊ စသည်ခပင်း၊ အကောင်းဟူသမျှ၊ အဝဝကို၊ တစ မကြွင်း၊ မလစ်ဟင်းရအောင်၊ မောင်မင်းတို့ချည်း ယူကြလေဗျား။

**[ နတ် ပတ်တိုက် ]**

၄၄။ ဥပ္ပလပတ္တာ၊ နာမတွင်ခေါ်၊ ငါနတ်ကျော်မှာ၊ မိန့်တော်ရွှေစက်၊ ဝတ်စိုးပိုက်၊ မိုးမကိုဋ္ဌက၊ မှာလိုက်ချက်ကို၊ ဆောင်ရွက်ဖန်တီး၊ ကိစ္စကုန်၊ အလုံးစုံပြီးသောကြောင့်၊ ညီးညီးဝင်းထိန်၊ ထောင်ရွှေရုံသန်း ငါစံမြန်းတဲ့၊ နန်းရိပ်ငြိမ်၊ ပြန်ချိန်ယခု တော်ချေပြီ။ ဇမ္ဗူဒီကျွန်း၊ မြောက်ညာစွန်းမှာ၊ ပင်ဝန်းစွင့်စွင့်၊ ကမ္ဘာကျက်သရေ၊ မြခက်ဝေတဲ့၊ သပြေမြင့်က၊ ရွှေစင့်အစစ်၊ ရာသီလေလှုပ်၊ သီးကြွေပြုတ်၍၊ သမုဒ်မှာ နစ်သော့ခါ၊ နတ်ဖြစ်တူရိယာ၊ စည်တံမြှာနှင့်၊ ပမာနှိုင်းစံ၊ ဝါမောင်းရွှေရွှေ၊ ညာညောင်းကြွေတဲ့၊ သပြေသံကို၊ နာခံ၍ လှမ်းရဦးတော့မည်။

**တစ်ခန်းရပ်။**

---

အခန်း [ ၄ ]

## မယ်ကုဝဏ်၏ကျွန်မ မိဒက္ခ ဓွေးယောင်ဆောင်ခန်း

၄၅။ **ကုဝဏ္ဏ ထွက်၍ပြော။** ။ စက္ကဝါမဆုံ၊ ဒလက်ချာနှံ့နိုင်တဲ့၊ ပျံ့လေဗွေမ၊ မာယာဗလချို၊ ကံမရှိတဲ့ မိဒက္ခ၊ ၊ ဝရီးတော်မြတ်၊ အပိုင်စားရော့လို့၊ သနားအပ်တဲ့၊ မြိုင်ရပ်ဟေမန်၊ သင်းထုံမြမြ၊ ပန်းစုံခတဲ့ ငါ့


mgyoe.com

ဗိမာန်၊ ယမန်ကနောက်၊ ငါမရောက်၊ ရက်ထောက် တောင်တာ၊ အတန်လဲ ကြာခဲ့ပြီ။ နှာဝါကွဲပေါက်၊ သဘော်မှောက်၍၊ ဆိုက်ရောက်လာငြား၊ အဆိ ရွှဲရွှဲ၊ လူ့အသဲနှင့်၊ ပျော်ပွဲများ စားရအောင်၊ သွား၍ ရှာစမ်းချည်စို့ဟေ့ မိဒက္ခ။

## [ ကုဝဏ္ဏာ ပတ်တိုက် ]

၄၆။ လက်ာဒီပ၊ ကျွန်းဌာနမှာ၊ လွမ်းစရာကညာ၊ ယဉ်မျိုးစုပါတဲ့၊ ကုဝဏ္ဏာ၊ ထောင့်ငါးရာ၊ ကိလေသာ ရွှေတိုက်ကို၊ သော့ရိုက်လို့ထား၊ ဖွင့် မည့်သူ ပေါ်လာခဲလို့၊ အူထဲကယား။ ဘွားကနဲ ယနေ့၊ ကာလသားများနှင့်၊ ကားကနဲ တွေ့ရင်လ၊ ကြည့်ရှောဟေ့ မယ်ဒက္ခ။ ကိလေသာ တမန်နှင့်၊ လက်ရစ်သံစမ်းလိုက်လို့၊ သွေးဖြန်းဖြန်းထစေ့မယ်၊ စိတ်ချ၍ထား၊ ထောင့် ငါးရာ ခြံရံတဲ့၊ ပုထုဇန်လူသား၊ ရဟန္တာ ရှာန်ပုံမို့၊ ခံနိုင်မလား။ ငါးပါးတိုင် ကံဟဲ့နော်၊ သက်လေးဆယ်ကျော်လို့မှ၊ ဘုန်းပြိုင်သူ မပေါ်လျှင်၊ အမိန့်တော် စာချွန်ခံလို့၊ လေးနန္တ ကံရိုင်းကို၊ လမိုင်းမှာ ဖြည့်မဟေ့၊ သည်ယနေ့နံနက်၊ အိမ်တော်က အထွက်တွင်၊ မိဒက္ခ ညည်းချင့်စမ်း။ အလျှံထိန်လျှပ်၊ စိန် လည်ကပ်နှင့်၊ နဝရတ်ရောင်ဖြိုး၊ ခါးကြိုးစပ်ကြား၊ လက်ဝဲသား ဟာများ ဖြင့်၊ ယန္တရားစက်သဖွယ်၊ လှုပ်ချက်ကယ် ထယ်လေ၊ အဲ့သယ်ကို ရိပ် ဟန်ရှိရဲ့၊ ရုပ်နိမိတ်ဖမ်း၊ မြနန်းသူ့ကံတော်၊ ဘုန်းပြိုင်သူ မတွေ့လို့၊ ယနေ့ များ ချော်ရင်လ၊ နှင်းဖျော်တဲ့ ကေမကိုင်္ကို၊ အခွေလိုက် သုတ်သင်၍၊ ဖန် ဝတ်လွင် စိတ်ပုတီးနှင့်၊ ခင်ကြီးတွေ ချိုးထောင်တဲ့၊ ကိုးချောင်ကို ဝင်လိုက် မယ်။ လူ့ခွင်မှာ လူလုပ်လို့၊ ဘာဟုတ်နိုင်တော့မလဲ၊ လွဲပြီဘူးမုချ၊ အသား လှုပ် နိမိတ်နှင့်၊ မြိုင်ရိပ်သို့ ကြွပါမည်၊ ဘုန်းဘုရားငယ်ကျွန်၊ မှန်နဂါးပတ်၊ ပြန်ဂဟပ်နှင့်၊ နဝရတ်ဝိုင်းတံခွန်က၊ မယ်ကုဝဏ် ဖူးစာကို၊ သော့မကြာ တက်ကစီး၊ လင်ကိစ္စ ယနေ့တုံးလို့၊ ပြန်းကနဲ ပြီးတဲ့အောင်၊ ရွှေသီးတဲ့ လက်သံနှင့်၊ ခပ်မြန်မြန် ပို့တော်မူစမ်းပါ့ မောင်ကြီးရေ့။



mgyoe.com